# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

ဝဏ္ဏာနှင့်သားများကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကံတောင်ဒေသရှိ မြေကွက်(၁၂)ကေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း(SGU–260)လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate–ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၄၆၀ ) ရက်စွဲ။၂၀၂၃ခုနှစ်၊အောက်တိုဘာလ( ၁၀ )ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးဝဏ္ဏအောင်မြင့်<br>အုပ်ချုပ်မှုဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | ဝဏ္ဏနှင့်သားများ ကုမ္ပဏီလီမိတက်<br>အမှတ်(၁၀၉၈)၊ ရာဇသင်္ဂဟအိမ်ရာ၊ ပုဗ္ဗသီရိ<br>မြို့နယ်၊ နေပြည်တော်၊ ၀၉-၅၁၆၂၉၀၀၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | မြေဧရိယာ (၁၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊<br>စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊<br>ကံတောင်ဒေသရှိ ရွှေဖော်ထုတ်လုပ်ကွက်<br>(SGU-260) |
| (ဆ) | **ECC သက်တမ်း** | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၃-၁-၂၀၂၀<br>သက်တမ်းကုန်ဆုံးရက် - ၁၂-၁-၂၀၂၅ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃၀-၉-၂၀၁၉<br>ရက်စွဲပါစာအမှတ်၊ ၂၂၀၀/ရွှေဖက်စပ်(ဝဏ္ဏနှင့်<br>သားများ)/၂၀၁၉ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေး တိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ဝဏ္ဏာနှင့်သားများကုမ္ပဏီလီမိတက်၏ (SGU-260)လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်း စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ ဝဏ္ဏာနှင့်သားများကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကံတောင်ဒေသရှိ မြေဧရိယာ(၁၂)ဧက ကျယ်ဝန်းသော လုပ်ကွက်(SGU-260) တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်းစီမံကိန်းအတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၃၀-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၂၂၀၀/ ရွှေဖက်စပ်(ဝဏ္ဏာနှင့်သားများ)/၂၀၁၉ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုသက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဝဏ္ဏာအောင်မြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဝဏ္ဏာနှင့်သားများ ကုမ္ပဏီလီမိတက်၊ အမှတ်(၁၀၉၈)၊ ရာဇသင်္ဂဟအိမ်ရာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ၀၉-၅၁၆၂၉၀၀၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆောက်ခြင်း၊ သတ္တုတူးဖော်မှုနည်းစနစ်များမှ လိုအပ်မည့် မြေအောက်တူးဖော်ခြင်းနည်းစနစ် (Underground Mining Method)ဖြင့် သတ္တုရှာဖွေခြင်း၊ သတ္တုရိုင်း(ဖြုန်း)များကို ကြိတ်ခွဲခြင်း၊ အမှုန့်ကြိတ်ခြင်း၊ ရွှေကြမ်းရယူ၍ ရွှေလျှော်ဖိုများတွင် ရွှေသန့်စင်ပြီး ရွှေပါဝင်နှုန်း(3PPM)ရှိသော ရွှေပါဖြုန်း တစ်ရက်လျှင်(၇-တန်) တူးဖော်ထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် ရက်(၃၀၀)ထုတ်လုပ်နိုင်ပါက (၂၀၀၀)တန်နှုန်းဖြင့် (၁၁)နှစ်ကျော် ထုတ်လုပ်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းများအနေဖြင့် ဆိုင်ယာနိုက်၊ အမိုးနီးယား၊ လက်နိုက်ထရိတ်၊ ကာဗွန်၊ Emulasion ၊ Cordtex ၊ Safety Fuse ၊ Detonating Relay ၊ ဒီဇယ်ဂါလံ (၃၀၀၀)ခန့်၊ ဓာတ်ဆီဂါလံ(၂၅၀)ခန့်တို့ကို အသုံးပြုမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကံတောင်ဒေသရှိ မြေဧရိယာ(၁၂)ဧက ရွှေဖော်ထုတ်လုပ်ကွက်အမှတ် (SGU-260)၊ မြေပုံအညွှန်း၊ ၉၃ဘီ/၂(၇၉၇၇၁၆၊ ၇၉၉၁၇၆၊ ၇၉၉၁၇၃၊ ၇၉၇၁၇၃)တွင် တည်ရှိပါသည်။

CS Scanned with CamScanner


### မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ဝဏ္ဏာနှင့်သားများကုမ္ပဏီလီမိတက်၏ ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်းလုပ်ကွက် (SGU-260) တည်နေရာပြမြေပုံ




**မြေပုံအညွှန်း**

- ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်
- လုပ်ကွက်တည်နေရာ
- အကွက်နယ်နိမိတ်

## စီမံကိန်းလုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု ဖော်ပြသည့် (FLow Chart)



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်းစီမံကိန်းအတွက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၂၆-၈-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၉၈၅/ ရွှေဖက်စပ်(ဝဏ္ဏနှင့် သားများ)/၂၀၁၉ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့်အခြား ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** မြေဧရိယာ(၁၂)ဧက ကျယ်ဝန်းသော (SGU-260)လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆောက်ခြင်း၊ သတ္တုတူးဖော်မှုနည်းစနစ်များမှ လိုအပ်မည့် မြေအောက်တူးဖော်ခြင်း နည်းစနစ် (Underground Mining Method) ဖြင့် သတ္တုရှာဖွေခြင်း၊ သတ္တုရိုင်း(ဖြုန်း) များကို ကြိတ်ခွဲခြင်း၊ အမှုန့်ကြိတ်ခြင်း၊ ရွှေကြမ်းရယူ၍ ရွှေလှော်ဖိုများတွင် ရွှေသန့်စင်ပြီး ရွှေပါဝင်နှုန်း (3PPM)ရှိသော ရွှေပါဖြုန်း တစ်ရက်လျှင်(၇-တန်) တူးဖော်ထုတ်လုပ် လျက်ရှိပြီး တစ်နှစ်လျှင် ရက်(၃၀၀)ထုတ်လုပ်နိုင်ပါက (၂၀၀၀)တန်နှုန်းဖြင့် (၁၁)နှစ် ကျော် ထုတ်လုပ်မည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်ကြိတ်ခွဲချိန်တွင် ဖုန်မှုန့်နှင့် အမှုန်အမွှားပျံ့လွင့်မှု လျော့နည်းစေရေး အတွက် Ore Bin (ဇလားဖြင့် ကြိတ်ခြင်း) ၊ လုပ်သားများအား နှာခေါင်းစည်း နှင့် မျက်မှန်တပ်ဆင် အသုံးပြုသွားရန်၊

(၂) အခိုးအငွေ့အနံ့များ ပျံ့လွင့်မှုမဖြစ်စေရေးအတွက် ဓာတုဆေးသုံးဘောမိန်း စက်ရုံအား ဘေးကာများ တပ်ဆင်အသုံးပြုသွားရန်၊

(၃) စက်ရုံအတွင်း ဖုန်မှုန့်ပျံ့လွင့်မှု ထိန်းချုပ်နိုင်ရေးအတွက် ဖုန်စုပ်စက်များ တပ်ဆင်ထားရှိရန်၊

(၄) လုပ်ငန်းသုံး ယာဉ်၊ ယန္တရားများ မောင်းနှင်စဉ် ဖုန်မှုန့်များ ပျံ့လွင့်မှု မရှိစေရေး အတွက် ရေကားများဖြင့် ရေဖျန်းခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်၊

Scanned with CamScanner

(၅) စက်ရုံအတွင်း လမ်းဘေး ဝဲ/ယာတွင် သစ်ပင်ပန်းပင်များ စနစ်တကျ စိုက်ပျိုးထားရှိရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေအောက်တူးဖော်ခြင်းလုပ်ငန်းမှ ထွက်ရှိသော ရေအား သိုလှောင်၍ ဝန်ထမ်းသုံးရေ၊ စိုက်ပျိုးပင်လောင်းရေနှင့် သတ္တုသန့်စင်ရာတို့တွင် အသုံးပြုသွားရန်၊

(၂) မြေအောက်တူးဖော်ခြင်းမှ ထွက်ရှိသည့် ရေများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် လုပ်ကွက်အတွင်း ရေစစ်ကန်ထားရှိ၍ ရေ၏ pHကို လစ်တမတ်စက္ကူဖြင့် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးကျဆင်းခြင်း လျော့နည်းစေရေးအတွက် စီမံကိန်းလုပ်ငန်းမှ ထွက်ရှိမည့် စွန့်ပစ်ရေများအား ရေကန်အဆင့်(၃)ဆင့် ထားရှိရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေစာပုံပတ်ပတ်လည်တွင် မြေသားကန်ဘောင်များကို လှေကားထစ်ပုံသဏ္ဍာန် စနစ်တကျ တည်ဆောက်ထားရှိရန်၊

(၂) မြေစာပုံပတ်ပတ်လည်တွင် မြေသားကန်ဘောင်များကို ရေမြောင်းများဖြင့် စနစ်တကျ တူးဖော်ထားရှိရန်၊

(၃) မြေအောက်ရေညစ်ညမ်းမှုမရှိစေရေးအတွက် သတ္တုတွင်းလုပ်သားများအား မြေအောက်တွင်း(အင်း)ဖောက်စဉ် အစားအသောက်အမှိုက်များစွန့်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ ပလပ်စတစ်ဗူးခွံနှင့် ပလပ်စတစ်စွန့်ပစ်ခြင်းများ မပြုလုပ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်၊

(၄) မြေအရည်အသွေးကျဆင်းခြင်းမှ စွန့်ပစ်ကျောက်များ ပျံ့နှံ့ပြိုကျမှုမရှိစေရေးအတွက် စနစ်တကျစုပုံထားခြင်း၊ လမ်းခင်းခြင်း၊ အင်းဟောင်း၊ ကျင်းဟောင်း၊ ခေါင်းစားကလျိုဏ်များတွင် ပြန်လည်ဖြည့်ဆည်းခြင်းနှင့် မြေစာပုံဘေးပတ်ပတ်လည်တွင် ရေနုတ်မြောင်း ဖောက်လုပ်ခြင်းများ ပြုလုပ်သွားရန်၊

(၅) စီမံကိန်းလုပ်ကွက်အတွင်း မိုးတွင်းကာလ၌ စွန့်ပစ်မြေစာ၊ ကျောက်သားများ စုပုံထားခြင်း၊ ဘေးပတ်လည်ခိုင်ခန့်အောင် တုတ်များ၊ အကာများထားရှိစေပြီး ရေနုတ်မြောင်းများပြုလုပ်ကာ ရေဆိုးကန်အတွင်းစီးဝင်မှုမှတစ်ဆင့် ဇကာကို ဖြတ်သန်းစီးထွက်စေခြင်းဖြင့် အနည်အနှစ်များ ပြင်ပသို့ မရောက်ရှိစေရေး ဆောင်ရွက်သွားရန်၊

(၆) သတ္တုရိုင်းကျောက်များကို အမိုးပါသော အဆောက်အဦ၌ထားရှိခြင်း (သို့မဟုတ်) ပြင်ပကွင်းပြင်ဖြစ်ပါက မိုးတွင်းကာလရောက်လျှင် မိုးကာများဖြင့် လုံခြုံစွာ ဖုံးအုပ်ထားရှိရန်။

(စ) **ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

Scanned with CamScanner

(၁) ဆူညံသံနှင့် တုန်ခါမှုတို့အပေါ် လျော့ချမည့် နည်းလမ်းအနေဖြင့် အသုံးပြုမည့် ယမ်းပမာဏအား ကျောက်သားအပေါ်မူတည်၍ အနည်းဆုံးလိုအပ်မည့် ပမာဏသာ ကန့်သတ်သုံးစွဲစေရန်၊

(၂) လုပ်ငန်းခွင်အတွင်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် မီးစက်၊ လေစက်၊ အင်ဂျင်များကို အိတ်ဇောပိုက်များ စနစ်တကျ တပ်ဆင်ဆောင်ရွက်သွားရန်၊

(၃) လုပ်သားများနှင့် ယန္တရားမောင်းနှင်သူများကို PPE များ ဝတ်ဆင်၍ လုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၄) လုပ်ငန်းခွင်ရှိ မီးစက်၊ မော်တော်ယာဉ်နှင့် အခြားစက်ပစ္စည်းတို့ကို အင်ဂျင်ဝိုင်နှင့် ချောဆီများအား လိုအပ်သည့်အခါတိုင်း စစ်ဆေးလဲလှယ်သွားရန်၊

(၅) လုပ်ငန်းခွင်ရှိ အဆောက်အဦများတွင် အသံလုံစနစ် တပ်ဆင်ထားရှိရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ကျောက်များအား မြေအောက်သတ္တုတူးဖော်ထုတ်လုပ်ပြီး ကျင်းဟောင်းများတွင် ပြန်လည်ဖြည့်ဖို့ အသုံးပြုသွားရန်၊

(၂) စွန့်ပစ်ရေအား အနည်ထိုင်ကန်တွင် အနည်ထိုင်စေ၍ ရေကြည်အား စက်ရုံလုပ်ငန်းသုံးရေအဖြစ် ပြန်လည်အသုံးပြုသွားရန်၊

(၃) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းချိန်တွင် မြေအောက်ကျင်းဟောင်းများသို့ ပြန်လည်ဖြည့်ဖို့ အသုံးပြုသွားရန်၊

(၄) စီမံကိန်းမှ ထွက်ရှိသော အပေါ်ယံမြေဆွေးနှင့် စွန့်ပစ်ကျောက်များကို သတ်မှတ်ထားသောနေရာတွင် စုပုံထားရှိ၍ ပြိုကျပြန့်ကျဲမှု မရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိရန်၊

(၅) တူးဖော်ပြီးသော အင်းဟောင်းနှင့် ကျင်းဟောင်းများကို စွန့်ပစ်ကျောက်များဖြင့် ဖြည့်ဆည်းသွားခြင်း၊ ခိုင်ခန့်သော အကာအရံများ၊ ဖုံးပိတ်ခြင်းများနှင့် သတိပေးအမှတ်အသားပြုခြင်းများ စနစ်တကျ ပြုလုပ်သွားရန်၊

(၆) ရွှေထုတ်ယူခြင်းမှ အသုံးပြုပြီးသော စွန့်ထုတ်အရည်များအား ပြင်ပသို့ စွန့်ပစ်ရေတိုက်ရိုက်မပြုလုပ်ဘဲ ဓာတ်ပြယ်ကန်၊ ရေကြည်ကန်များတွင် အနည်ထိုင်စေပြီး ဓာတ်ခွဲစမ်းသပ်ပြီးမှ လုပ်ငန်းတွင် ပြန်လည်အသုံးပြု၍ ပိုလျှံမှသာ စွန့်ထုတ်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား ဓာတ်ပြယ်မှုပြုပြီးမှ စွန့်ပစ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်။

Scanned with CamScanner

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျဉ်းရှား၊ လျှော်ဖြူ ယူကလစ်အပင်များအား အစားထိုးစိုက်ပျိုးခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်၊

(၂) ဂေဟာစနစ်မထိခိုက်စေခြင်းနှင့် ဖုန်မှုန့်ပျံ့လွင့်မှု လေထုညစ်ညမ်းမှုမရှိစေရေး အတွက် အကာအရံများ၊ ရေဖျန်းခြင်းများနှင့် အခိုးအငွေ့ထွက်ခေါင်းတိုင်မှ ရေကန်ဆီ ပိုက်တန်းသွယ်၍ အခိုးသပ်ခြင်းများ ဆောင်ရွက်သွားရန်၊

(၃) စီမံကိန်းအတွင်း ဇီဝမျိုးစုံမျိုးကွဲများတွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်မီ သတင်းပို့ခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်။

(ည) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီဝန်ထမ်းများနှင့် မြေအောက်သတ္တုတွင်းလုပ်သားများအား လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းစေရေးအတွက် PPE များဖြစ်သော ဖိုက်ဘာဦးထုပ်၊ ရော်ဘာဖိနပ်၊ ရော်ဘာလက်အိတ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ ခေါင်းတပ်ဓာတ်မီးအစရှိသည့် လုံခြုံရေးဝတ်စုံများ ဖြည့်ဆည်းထားရှိရန်၊

(၂) "လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဦးစားပေး" သတိပေးဆိုင်းဘုတ်ကို ဝန်ထမ်းအားလုံး မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများ ပင်ပန်းနွမ်းနယ်ခြင်းမရှိစေရေးအတွက် အလုပ်ချိန်(၈)နာရီအတွင်း အနားပေးချိန်များ၊ လုပ်ငန်းသိမ်းပြီးချိန်တွင် ပိုက်ကျော်ခြင်း၊ ဘောလုံးကစားခြင်းများ စသည့်အချိန်များ စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၄) ဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် (၅)ဦးမှ(၇)ဦးပါ အဖွဲ့ငယ်တစ်ဖွဲ့အား ဖွဲ့စည်း၍ ကြိုတင်ဓာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်ထားရှိရန်၊

(၅) လုပ်သားများ၏ ကျန်းမာရေးစစ်ဆေးမှုများနှင့် အလုပ်သမားမှတ်ပုံတင်များ ပြုလုပ်ပြီး လူမှုဖူလုံရေးနှင့် ချိတ်ဆက်၍ အာမခံထားခြင်းများ ဆောင်ရွက်ထားရှိရန်။

(ဋ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မြေအောက်သတ္တုတူးဖော်ရာတွင် အင်းကြံ့ခိုင်မှုရှိစေရေးအတွက် လိုအပ်မည့် အုံး၊ ထုတ်၊ ယင်းကာများ၊ Mine Way and Man Way သတ္တုတူးဖော်မှုလမ်းနှင့် လူအတက်အဆင်းလမ်းကြောင်းပါ အင်းများပြုလုပ်၍ စီမံထားရှိပြီး မြေစိုက်တည့်

Scanned with CamScanner

အင်းတွင် လမ်းကြောင်းတစ်ခုထဲ၌ စက်သီးကြိုးတပ် ဝင့်(Winze)နှင့် အသက်ကယ် အပိုကြိုးတပ်ဆင်မှုများ ပြုလုပ်ထားရှိရန်၊

(၂) မြေအောက်အင်းများ လေဝင်လေထွက်ကောင်းမွန်စေခြင်း၊ အသက်ကယ် အပေါက်များ ထားရှိခြင်း၊ Ventilation Fan တပ်ဆင်အသုံးပြုခြင်း၊ အင်း အတွင်းနှင့် မြေပြင်ဆက်သွယ်မှုလွယ်ကူစေရေးအတွက် Intercon ဆက်သွယ်ရေး ရေဒီယိုများ အသုံးပြုခြင်းတို့ကို ဆောင်ရွက်ထားရှိရန်၊

(၃) လုပ်ငန်းခွင်အနီးနှင့် ကုမ္ပဏီ၏ ပင်မဆောင်တွင် အရေးပေါ်ဆေးသေတ္တာ(First Aid Boxes)များ ထားရှိခြင်း၊ ဆေးရုံဆေးခန်း အမြန်ပို့ဆောင်နိုင်မည့် မော်တော်ယာဉ် ထားရှိရန်၊

(၄) ဝန်ထမ်းလုပ်သားများအား လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ သင်တန်းများ၊ အခြေခံမီးသတ်သင်တန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ သင်တန်းများနှင့် ဓာတုဆေးနှင့် ဆက်စပ် ပစ္စည်းသုံးစွဲမှုဆိုင်ရာ သင်တန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများရရှိစေရေးအတွက် သင်တန်းတက်ရောက်စေခြင်းများအား စနစ်တကျ ဆောင်ရွက်သွားရန်၊

(၅) မတော်တဆထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန် ပို့ဆောင်နိုင်ရေး နှင့် ကယ်ဆယ်ရေးအဖွဲ့များ လေ့ကျင့်ထားရှိရန်။

(ဋ) **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ မှတ်ပုံတင်ခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း သုံးစွဲခွင့် လုပ်ငန်းလိုင်စင်ရယူခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၂) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်တားဆီးကာကွယ်ရေး၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ မှတ်ပုံတင်နှင့် လိုင်စင်ပါ စည်းကမ်းချက်များအတိုင်း လုပ်ငန်းလိုက်နာဆောင်ရွက်သွားရန်၊

(၃) ကုမ္ပဏီလုပ်ကွက်အတွင်း ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား လုံခြုံမှု ရှိသော အဆောက်အဦဖြင့် သီးသန့်ထားရှိ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဘေးအန္တရာယ်ရှိသည့် အကြောင်းအရာများ ဖော်ပြပါရှိသည့် စာတန်းများ၊ ရုပ်ပုံအမှတ်အသားများကို ဝန်ထမ်းများမြင်နိုင်မည့် နေရာတွင် တပ်ဆင်သတိပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

Scanned with CamScanner

(၅) ဝန်ထမ်းလုပ်သားများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများသို့ အလှည့်ကျ တက်ရောက်သင်ကြားခြင်းများ စေလွှတ်ဆောင်ရွက်သွားရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား လုပ်ကွက်အတွင်းတွင် $NO_2$, HCN, CO, $PM_{10}$, $PM_{2.5}$နှင့် $SO_2$တို့အား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) မြေအောက်ရေအရည်အသွေးအား လုပ်ကွက်အတွင်းတွင် Zn,Cu, pH, Fe, Pb,Hg တို့အား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) စွန့်ပစ်မြေစာ၊ စွန့်ပစ်ခဲစာများ စုပုံထားသည့်နေရာတွင် မြေအရည်အသွေးအား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) မြေအောက်တူးဖော်ရေးလုပ်ငန်းအနီးဝန်းကျင် ကြိတ်ခွဲခြင်းပြုလုပ်သည့်နေရာများ မီးစက်၊ အင်ဂျင်စက်များ အနီးဝန်းကျင်များနေရာများတွင် ဆူညံသံနှင့် တုန်ခါမှုအား (၃)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) လုပ်ကွက်အတွင်းရှိ စွန့်ပစ်အမှိုက်ကျင်းများ စက်သုံးဆီနှင့် စက်အင်ဂျင်များထားရှိသည့် နေရာများနှင့် စွန့်ပစ်ပစ္စည်းများ ထားသိုရာနေရာများတွင် စွန့်ပစ်ပစ္စည်းအား (၃)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ အကြံပြုချက်၊ လိုလားတောင်းဆိုချက်များမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ ဒေသ၏ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးများတို့တွင် တတ်အားသရွေ့ ကူညီပံ့ပိုးရန်နှင့် အစီရင်ခံစာပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံငွေ၏ (၂%)အား လျာထားသုံးစွဲရန်၊

CS Scanned with CamScanner

(၂) လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်အမြတ်ငွေ၏ (၂%)အား လျာထားသုံးစွဲရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် အသုံးစရိတ် ကျပ်(၂၈)သိန်း လျာထား သုံးစွဲရန်၊

(၄) လုပ်ငန်းပိတ်သိမ်းချိန်တွင် သုံးစွဲနိုင်ရေးအတွက် နှစ်စဉ်ထုတ်လုပ်မှု၏ (၂%) အား လျာထားသုံးစွဲရန်။

(တ) **မိုင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ထွက်ရှိလာသည့် အပေါ်ယံမြေဆီလွှာများ၊ မြေစာခဲများအား သတ်မှတ်ထား သော စွန့်ပစ်မြေစာပုံနေရာတွင် စနစ်တကျ စုပုံထားရှိရန်၊

(၂) မြေစာပုံအောက်ခြေတွင် ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်၊

(၃) အပေါ်ယံမြေဆီလွှာပုံများ ပြိုကျမှုဖြစ်ပွားခြင်းများမရှိစေရေးအတွက် မြေစာပုံ နံရံကို လှေကားထစ်ပုံဖော်ပြီး မြေထိန်းနံရံပြုလုပ်၍ စုပုံထားပြီး မြေစာပုံနံရံ တစ်လျှောက်တွင် မြေထိန်းအမြစ်ရှည်မြက်(ဗက်တီဗာ)များ စိုက်ပျိုးထားရှိရန်၊

(၄) လုပ်ငန်းပိတ်သိမ်းသည့်အချိန်တွင် မြေအောက်လုပ်ကွက်ကျင်းဟောင်းများ အတွင်းသို့ စွန့်ပစ်မြေစာများ ပြန်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၅) တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလတွင် သီးခြားစုပုံထားသော အပေါ်ယံမြေဆီလွှာများဖြင့် ထပ်မံဖုံးအုပ်၍ ဒေသနှင့်ကိုက်ညီမှုရှိသော နှစ်ရှည် ပင်များ စိုက်ပျိုးထားရှိရန်၊

(၆) မိုင်းပိတ်သိမ်းချိန်တွင် စီမံကိန်းအနီးရှိ လုပ်ကွက်နှင့် ဆက်စပ်နေသော ဧရိယာရှိ ချောင်းများ၊ ရေတွင်း ရေကန်များ၊ ရေထွက်ပေါက်များမှ ရေနမူနာရယူ၍ စိစစ်တိုင်းတာခြင်းများအား ပြုလုပ်သွားရန်၊

(၇) လုပ်ငန်းခွင်နှင့် လုပ်ကွက်ဧရိယာဝင်းအတွင်းရှိ စက်ပစ္စည်းများနှင့် အဆောက်အဦ များအား (၆)လအတွင်း စနစ်တကျဖျက်သိမ်းသည့် နေရာများတွင် အပေါ်ယံ မြေဆီလွှာဖုံးအုပ်ပြီး ဒေသနှင့် ကိုက်ညီသော သစ်ပင်များ စိုက်ပျိုးထားရှိရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု

Scanned with CamScanner

ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ နှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု ၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင် မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်

CS Scanned with CamScanner

ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်ကျောက်၊ စွန့်ပစ်သဲစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်ကျောက်များ၊ စွန့်ပစ်သဲစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံး ပေ(၃၀၀) အကွာတွင် စွန့်ပစ်မြေစာ စုပုံကွင်းများပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုများ မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သတ္တုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

Scanned with CamScanner

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ နည်းဥပဒေခွဲ(ဃ)၊ ၁၇၀ နည်းဥပဒေခွဲ(ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ နည်းဥပဒေခွဲ(ခ)တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အား ဆောင်ရွက်ပေးရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှုမရှိစေရေးအတွက် မိုင်းလုပ်သားများအား PPE ထောက်ပံ့ပေးရန်။

(င) **စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့မှထုတ်ပြန်ခဲ့သည့် ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းစည်းကမ်းချက်များ။** အောက်ပါအချက်များကို အလေးထား လိုက်နာဆောင်ရွက်ရန် -

(၁) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် သတ္တုတွင်းလုပ်သားများ၊ အနီးပတ်ဝန်းကျင် လူမှုစီးပွား ထိခိုက်မှု မရှိစေရေးနှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် ထိခိုက်မှုမရှိစေရေးအတွက် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း (Periodic Medical Examination) နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုစောင့်ကြည့်လေ့လာခြင်း (Monitoring of Environmental Pollution)တို့ကို ပြုလုပ်ရန်၊

(၃) အလုပ်လုပ်ကိုင်သူများအား ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန်

Scanned with CamScanner

လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်လျော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်သို့ မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက်အလက် (Baseline Data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ လိုအပ်သလို စစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအတိုင်း ဆောင်ရွက်ရန်၊

(၅) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ စည်ပင်သာယာရေး ကော်မတီများမှ ပြဋ္ဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေး သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) ပြဒါးအသုံးပြုမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်-

(ကက) ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များအပါအဝင် အခြားဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခခ) ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသော ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်၊

Scanned with CamScanner

(စ) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေ၊ ပုဒ်မ (၁၆)၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထား လိုက်နာဆောင်ရွက်ရန်၊

(ဆ) **ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖေါက်ခွဲခြင်းလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ် သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင် အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇ) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆(ဃ)ပါ ပြဋ္ဌာန်းချက်နှင့် အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ တစ်နှစ်ထက် နောက်မကျ စေဘဲ အပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော် ထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက် နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ တစ်ကေလျှင် ဒေသနှင့်ကိုက်ညီသောနှစ်ရှည်ပင် အပင် ၂၀၀ ထက်မနည်း

CS Scanned with CamScanner

စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်။

(၈၂) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း

ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း

CS Scanned with CamScanner

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဋ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည် တည်ထောင်ရေးနှင့်ပြန်လည်နေရာချထားရေး အစီအစဉ် များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့ အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုး နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက်ရာ တွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဌ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာကို အများပြည်သူသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေး ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ပုဒ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

Scanned with CamScanner

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့်ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ်တင်ပြရန်

နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော် လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော် လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်

အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဃ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့်လျာထားအသုံးစရိတ်ကိုအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းရန်ပုံငွေသို့ ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

Scanned with CamScanner

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

CS Scanned with CamScanner

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ (၃၀) နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန် အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

Scanned with CamScanner

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည်ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---

CS Scanned with CamScanner